# မဖြစ်မနေ ကိစ္စမဟုတ်ပါက အိမ်မှာနေပါ

## ကော်လိုရာဒို ပြည်နယ်သည် COVID-19 ပြန့်ပွားမှုကို ရပ်တန့်ဖို့ လူတိုင်း အိမ်တွင်နေရန် အမိန့်ထုတ် လိုက်သည်။

### "အိမ်တွင် နေရန်" ဆိုသည်မှာ အဘယ်နည်း?

အိမ်တွင်နေပါ၊ မဖြစ်မနေ လိုအပ်မှ အပြင်ထွက်ပါ။ မဖြစ်မနေ ထွက်ရန် လိုအပ်ပါက social distancing ပြုလုပ်ပါ။

### အပြင်ထွက်လို့ရလား?

**ရပါတယ်၊ အောက်ပါ အရေးကိစ္စများ အတွက်သာ-**

- ကုန်စုံ၊ အိမ်မွေး တိရစ္ဆာန်အတွက် အစားအစာ သို့မဟုတ် ဓာတ်ဆီ အစရှိသည့် အခြေခံပစ္စည်း ဝယ်ယူရန်
- ဆေးဝယ်ရန် သို့မဟုတ် ဆေးကုသမှု ခံယူရန်
- ဆွေမျိုး သို့မဟုတ် သူငယ်ချင်းကို ပြုစုရန်
- မရှိမဖြစ် လိုအပ်သော အလုပ်အတွက် အလုပ်သွားခြင်း
- လေ့ကျင့်ခန်း ပြုလုပ်ရန် သို့မဟုတ် လေကောင်း လေသန့် ရှူရှိုက်ရန် အပြင်ထွက်ခြင်း - သင်နှင့် တစ်အိမ်တည်း မနေသူများနှင့် ၆ ပေအကွာတွင် အမြဲနေရမည်။

### ဘာတွေဖွင့်သလဲ?

- ကုန်စုံဆိုင်၊ အစားအသောက် ပရဟိတများ
- ပါဆယ်၊ အိမ်အရောက်ပို့နှင့် ကားဖြင့် ကောက်ယူ နိုင်သည့် စားသောက်ဆိုင်များသာ
- ဓာတ်ဆီဆိုင်များ
- ဆေးဆိုင်များ
- ဘဏ်၊ ခရက်ဒစ် ယူနီယံနှင့် အခြား ဘဏ္ဍာရေး အဖွဲ့အစည်းများ
- အခြား မရှိမဖြစ် လိုအပ်သောလုပ်ငန်းများ

### ဘာတွေပိတ်သလဲ?

- သင်နှင့် တစ်အိမ်တည်း အတူ မနေထိုင်သော သူများနှင့် လူတစ်ဦးချင်း သို့မဟုတ် လူအများ စုဝေးခြင်း
- အရေးကြီးသော ဝန်ဆောင်မှုများ သို့မဟုတ် ဆေးကုသမှု ခံယူရန်မှအပ ခရီးသွားလာခွင့်
- ဆံပင်နှင့် လက်သည်းပြင်ဆိုင်များ
- တက်တူးဆိုင်များ
- အားကစားရုံနှင့် အပန်းဖြေ စင်တာများ
- ကစားကွင်းများ

### ယခု အမိန့် ဘယ်အချိန်အထိ သက်ရောက်မှု ရှိသလဲ?

ဧပြီလ ၁၁ ရက်နေ့အထိ အမိန့် သက်ရောက်မှု ရှိပါသည်။ သို့သော် အခြေအနေအရ ပြောင်းလဲမှု ရှိနိုင်ပါသည်။

**ကော်လိုရာဒို အများပြည်သူဆိုင်ရာ ကျန်းမာရေး အမိန့် အကြောင်း အသေးစိတ် သိရှိရန်211 သို့ ဖုန်းခေါ်ပါ သို့မဟုတ် COVID19.Colorado.gov ကိုကြည့်ရှုပါ။**

**တာဝန် သိခြင်း အတွက် ကျေးဇူးတင်ပါသည်!**

**နောက်ဆုံးရ သတင်းများအတွက် AuroraGov.org/COVID19 ကိုကြည့်ရှုပါ။**